မှတ်ပုံတင်အမှတ်−၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

အမှတ် ၁၈] ရန်ကုန်မြို့ { ၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁ ရက် (၂၀၂၆ ခုနှစ်၊ မေလ ၁ ရက်) } သောကြာနေ့ [အတွဲ ၇၉

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ**

**အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီဥပဒေအမှတ် (၅၁/၂၀၂၆)**

၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂ ရက်)

### ပြည်သူ့စစ်မှုထမ်းဥပဒေကို ပြင်ဆင်သည့်ဥပဒေ

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ပြည်သူ့စစ်မှုထမ်းဥပဒေကို ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (စ)၊ ပုဒ်မခွဲငယ် (၃) ၏ နောက်တွင် ပုဒ်မခွဲငယ် (၄) ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(၄) အစ္စလာမ်ဘာသာအတွက်ဖြစ်လျှင် မော်လဝီ၊ ဟာဖိဇ်၊ အီမန် အပါအဝင် သက်ဆိုင်ရာ အစ္စလာမ် ဘာသာရေးအဖွဲ့ကြီးက အသိအမှတ်ပြုလက်မှတ် ကိုင်ဆောင်ထားသည့် အစ္စလာမ်ဘာသာ သာသနာ့ဝန်ထမ်း။"

၃။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ ၈ တွင် ပါရှိသော "ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ" ဆိုသည့်စကားရပ်ကို "သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးသည်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ယာယီသမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၅၈/၂၀၂၆)**

၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂ ရက်)

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း**

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်လတ်စိုး ကို အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

အဖွဲ့ဝင်

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၂၆/၂၀၂၆)**

၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း ၁၃ ရက်

(၂၀၂၆ ခုနှစ်၊ မတ်လ ၃၀ ရက်)

**နိုင်ငံတော်သမ္မတ အရည်အချင်းနှင့် ပြည့်စုံမှု ရှိ မရှိ စိစစ်ရေးအဖွဲ့ ဖွဲ့စည်းခြင်း**

၁။ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေ ၃၀ နှင့်အညီ သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့က ရွေးချယ်တင်မြှောက်သည့် ဒုတိယသမ္မတများအား နိုင်ငံတော်သမ္မတ အရည်အချင်းနှင့် ပြည့်စုံမှု ရှိ မရှိ စိစစ်နိုင်ရန် စိစစ်ရေးအဖွဲ့ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဦးခင်ရီ | ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော် |
| (ခ) | ဦးအောင်လင်းဒွေး | ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် |
| (ဂ) | ဦးမောင်မောင်အုန်း | ဒုတိယဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော် |
| (ဃ) | ဦးနော်တောင် | ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် |
| (င) | ဦးခင်မောင်စိုး | လှည်းကူးမဲဆန္ဒနယ်၊ ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့ |
| (စ) | ဦးလှသိန်း | ပဲခူးတိုင်းဒေသကြီး၊ အချိုးကျကိုယ်စားပြုစနစ်၊ မဲဆန္ဒနယ်အမှတ်(၂)၊ ရွေးကောက်ခံအမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့ |
| (ဆ) | ဗိုလ်ချုပ်ရဲကျော်သူ | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့ |

၂။ စိစစ်ရေးအဖွဲ့သည် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေ ၃၁၊ ၃၂ တို့နှင့်အညီ စိစစ်ဆောင်ရွက်ရန်ဖြစ်ပါသည်။

(ပုံ) အောင်လင်းဒွေး

နာယက

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်သူ့လွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၂၆)**

၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း ၇ ရက်

(၂၀၂၆ ခုနှစ်၊ မတ်လ ၂၄ ရက်)

**ပြည်သူ့ငွေစာရင်းကော်မတီ ဖွဲ့စည်းခြင်း**

**ဖွဲ့စည်းခြင်း**

၁။ ပြည်သူ့လွှတ်တော်သည် ၂၀၁၂ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၄၊ ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄ နှင့် ပြည်သူ့လွှတ်တော်အစည်းအဝေး ဆုံးဖြတ်ချက်တို့အရ ပြည်သူ့ငွေစာရင်းကော်မတီကို အောက်ပါ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၁၅) ဦးဖြင့် ဖွဲ့စည်းလိုက်သည်-

| | | | |
|---|---|---|---|
| (က) | ဦးတေဇကျော် | အောင်မြေသာစံ မဲဆန္ဒနယ် | ဥက္ကဋ္ဌ |
| (ခ) | ဦးထွန်းထွန်းအောင် | မိုးကောင်း မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဂ) | ဦးမြတ်ကျော် | ကန့်ဘလူ မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဃ) | ဦးတင့်ဆွေ | ဆင်ပေါင်ဝဲ မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (င) | ဦးကိုကိုသင်း | ကမာရွတ် မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (စ) | ဒေါ်ခင်စောမူ | ကန်ကြီးထောင့် မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဆ) | ဦးညွန့်ဆောင် | ရမည်းသင်း မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဇ) | ဦးခင်မောင်ဝင်း | မော်လမြိုင်ကျွန်း မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဈ) | ဒေါက်တာ ပွင့်ဆန်း | ရပ်စောက် မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ည) | ဦးမြင့်စိုး | လေးမျက်နှာ မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဋ) | ဦးသန်းရွှေ | သံဖြူဇရပ် မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဌ) | ခွန်လှသိန်း | ဆီဆိုင် မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဍ) | ဗိုလ်မှူးချုပ် စိုးညွန့် | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဎ) | ဗိုလ်ကြီး ဒေါ်ယမင်းအောင် | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဏ) | ဦးတင်အောင်ချစ် | အောင်လံ မဲဆန္ဒနယ် | အတွင်းရေးမှူး |

၂။ ဤကော်မတီသည် ၂၀၁၂ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂ ပုဒ်မခွဲ (ဇ) အရ ပြည်ထောင်စု အဆင့်အဖွဲ့အစည်းဖြစ်သည်။

**ကော်မတီ၏သက်တမ်း**

၃။ ကော်မတီ၏ သက်တမ်းသည် ပြည်သူ့လွှတ်တော်၏ သက်တမ်းနှင့်အညီဖြစ်သည်။ လွှတ်တော် ဥက္ကဋ္ဌသည် ကော်မတီ၏ သက်တမ်းတစ်နှစ်ပြည့်မြောက်သည့်အခါ ပြန်လည်သုံးသပ်ပြီး လိုအပ်ပါက ကော်မတီဝင်များကို သင့်လျော်သလို လဲလှယ်အစားထိုး တာဝန်ပေးအပ်နိုင်သည်။

**ကော်မတီအစည်းအဝေးများ**

၄။ ကော်မတီအစည်းအဝေးများကို ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကျင်းပရမည်။

**ကော်မတီ၏တာဝန်များ**

၅။ ကော်မတီသည်-

(က) ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်း များနှင့် နေပြည်တော်ကောင်စီတို့၏ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်မှုတို့ကို စစ်ဆေး ထားသည့် ပြည်ထောင်စုစာရင်းစစ်ချုပ်၏ အစီရင်ခံစာကို စိစစ်ရမည်။ ယင်းသို့ စိစစ်ရာတွင် ပြည်ထောင်စု ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေပါ လျာထားရငွေများကို ပြည့်ဝစွာရရှိအောင် ဆောင်ရွက်ထားခြင်း ရှိ မရှိ၊ သုံးစွဲခွင့်ပြုထားသော ငွေကြေးများကို ထိရောက်စွာ အသုံး ပြု မပြု၊ သတ်မှတ်ထားသော ဘဏ္ဍာရေးစည်းမျဉ်းများ၊ စည်းကမ်းများနှင့်အညီ သုံးစွဲခြင်း ရှိ မရှိ တို့ကို စိစစ်ရမည်။

( ခ ) ပြည်ထောင်စုလွှတ်တော်က ခွင့်ပြုထားသောငွေကို ထိရောက်မှန်ကန်စွာ သုံးစွဲခဲ့ခြင်း ရှိ မရှိ စိစစ်နိုင်ရေး အတွက် လိုအပ်သည့် လုပ်ငန်းဌာနများသို့ သွားရောက်စစ်ဆေးနိုင်သည်။

( ဂ ) အောက်ပါအချက်များနှင့်စပ်လျဉ်း၍ လွှတ်တော်သို့ တင်ပြရန် တာဝန်ရှိသည်-

(၁) ပြည်ထောင်စုအစိုးရ၏ တောင်းဆိုချက်အရ ကိစ္စရပ်တစ်ခုအတွက် ပြည်ထောင်စုလွှတ်တော်က ခွင့်ပြုထားသော သုံးငွေတစ်ရပ်ကို အခြားကိစ္စရပ်အတွက် ခေါင်းစဉ်ပြောင်း၍ သုံးသည့်ကိစ္စများ၊

(၂) ခွင့်ပြုထားသည့် သုံးငွေတစ်ရပ်အတွင်း ခေါင်းစဉ်ပြောင်း၍ သုံးစွဲရာ၌ ဘဏ္ဍာရေးဝန်ကြီးဌာနက သတ်မှတ်ထားသော စည်းမျဉ်းများနှင့် ညီညွတ်မှုမရှိသည့် ကိစ္စများ၊

(၃) သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းသို့ လမ်းညွှန်သင့်သော ဘဏ္ဍာငွေသုံးစွဲပုံနည်းလမ်း အားနည်းချက်များ၊

(၄) ပြည်ထောင်စုလွှတ်တော်သို့ တင်ပြပေးရန် ဘဏ္ဍာရေးဝန်ကြီးဌာနက တောင်းဆိုသော အသုံး စရိတ်များ။

(ဃ) ပြည်ထောင်စုအစိုးရအဖွဲ့၏ စီးပွားရေးဆိုင်ရာ လုပ်ငန်းများနှင့်စပ်လျဉ်းသည့် ကုန်ထုတ်လုပ်မှု၊ လုပ်ငန်းအကောင်အထည်ဖော်မှုဆိုင်ရာစာရင်းများ၊ နှစ်ချုပ်စာရင်းများနှင့် လုပ်ငန်းစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် လေလွင့်ပြုန်းတီးမှု၊ ယိုဖိတ်မှု၊ ပျက်စီးမှု၊ နစ်နာဆုံးရှုံးမှု၊ အလွဲသုံးစားမှု ရှိ မရှိ စသည်တို့ကို စစ်ဆေးထားသည့် ပြည်ထောင်စုစာရင်းစစ်ချုပ်၏ အစီရင်ခံစာကို စိစစ်ရမည်။

(င) နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကဖြစ်စေ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းတစ်ခုခု၊ ပြည်ထောင်စုဝန်ကြီးဌာနတစ်ခုခု သို့မဟုတ် နေပြည်တော်ကောင်စီကဖြစ်စေ လုပ်ငန်းတစ်ရပ်ရပ်ကို စစ်ဆေးပေးရန် ညှိနှိုင်းချက်အရ စစ်ဆေးသည့် ပြည်ထောင်စုစာရင်းစစ်ချုပ်၏ အစီရင်ခံစာကိုလည်းကောင်း၊ သိုလှောင်သိမ်းဆည်းထားသော ကုန်ပစ္စည်းများနှင့်စပ်လျဉ်းသည့် စာရင်းများကိုစစ်ဆေးသည့် ပြည်ထောင်စုစာရင်းစစ်ချုပ်၏ အစီရင်ခံစာကိုလည်းကောင်း စိစစ်ရမည်။

၆။ ကော်မတီကစိစစ်ပေးရန် လိုအပ်သောကိစ္စများနှင့်စပ်လျဉ်း၍ ကော်မတီသည်-

(က) ပြည်ထောင်စုလွှတ်တော်၏ အကြောင်းကြားချက်အရ လွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးအပ်ခြင်းဖြစ်လျှင် လိုအပ်သလိုစိစစ်၍ ကော်မတီ၏တွေ့ရှိချက်နှင့် သဘောထားမှတ်ချက်တို့ကို လွှတ်တော်မှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်သို့ ပြန်လည်တင်ပြရမည်။

(ခ) လွှတ်တော်၏ဆုံးဖြတ်ချက်အရ လွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးအပ်ခြင်းဖြစ်လျှင် လိုအပ်သလိုစိစစ်၍ ကော်မတီ၏တွေ့ရှိချက်နှင့် သဘောထားမှတ်ချက်တို့ကို လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ ပြန်လည်တင်ပြရမည်။

(ဂ) လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၏ တင်ပြချက်အရ စိစစ်ရန် လိုအပ်သည်ဟု လွှတ်တော်ကဆုံးဖြတ်၍ လွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးအပ်ခြင်းဖြစ်လျှင် လိုအပ်သလို စိစစ်ပြီး ကော်မတီ၏တွေ့ရှိချက်နှင့် သဘောထားမှတ်ချက်တို့ကို လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ ပြန်လည်တင်ပြရမည်။

၇။ ကော်မတီက အစီရင်ခံစာတင်ပြခြင်းနှင့်စပ်လျဉ်း၍-

(က) ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးသည် အစီရင်ခံစာကို လက်မှတ်ရေးထိုး၍ လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြရမည်။

(ခ) ကော်မတီဝင်များသည် ကော်မတီ၏အစီရင်ခံစာကို သဘောတူကြောင်း လက်မှတ်ရေးထိုးရမည်။ သို့ရာတွင် သဘောကွဲလွဲချက်များရှိပါက ထိုသဘောကွဲလွဲချက်များကို ရေးသားဖော်ပြ၍ လက်မှတ်ရေးထိုးပြီး အစီရင်ခံစာတွင် ပူးတွဲဖော်ပြနိုင်သည်။

(ဂ) အစီရင်ခံစာကို တင်ပြပြီးနောက် လွှတ်တော်ဥက္ကဋ္ဌက သတ်မှတ်သည့် ၄ ရက်ထက်မစောဘဲ ၁၀ ရက်ထက်နောက်မကျသော နေ့တစ်နေ့တွင် ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးသည် အစီရင်ခံစာကို ဆွေးနွေးရန် လွှတ်တော်သို့ အဆိုတင်သွင်းရမည်။

(ဃ) အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ပြင်ဆင်ချက်များ ပြုလုပ်ခွင့်မရှိ။

(င) အစီရင်ခံစာကို ဆွေးနွေးပြီးသောအခါ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးသည် အစီရင်ခံစာကို လွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းရမည်။

၈။ ကော်မတီဝင်များသည် လွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးအပ်လျှင် ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် နာယက က ဖွဲ့စည်းသော ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီတွင် ကော်မတီဝင်အဖြစ် တာဝန်ထမ်းဆောင်ရမည်။

၉။ ကော်မတီအစည်းအဝေးတွင် ကော်မတီဝင်တစ်ဦး ပြောဆိုသော သို့မဟုတ် ပြုလုပ်သော ကိစ္စကို သော်လည်းကောင်း၊ ကော်မတီတွင် ဆွေးနွေးသော ဆွေးနွေးချက်များကိုသော်လည်းကောင်း ပြင်ပသို့ ပေါက်ကြားခြင်း မရှိစေရ။ ကော်မတီအစည်းအဝေးမှတ်တမ်းတွင် ဆွေးနွေးချက်အားလုံးကို အသေးစိတ် မှတ်တမ်းတင်၍ ကော်မတီက အတည်ပြုထားရမည်။ ယင်း အစည်းအဝေးမှတ်တမ်းများကို ဖြန့်ဝေခြင်းမပြုရ။ ပြည်သူ့လွှတ်တော်သို့ ပေးပို့သောအစီရင်ခံစာမိတ္တူကို အစည်းအဝေးမှတ်တမ်းများနှင့်အတူ ပူးတွဲ၍ အမှုတွဲအဖြစ် တပေါင်းတည်း ထိန်းသိမ်းထားနိုင်ရန် ပြည်သူ့လွှတ်တော်ရုံးသို့ ပေးပို့ရမည်။

## ကော်မတီ၏လုပ်ပိုင်ခွင့်များ

၁၀။ အပိုဒ် ၅ နှင့် အပိုဒ် ၆ တို့ပါတာဝန်များအရ ကော်မတီက စိစစ်ရာတွင်-

(က) ကော်မတီတွင် အဆိုတင်သွင်းခြင်း၊ အကြံပြုချက် တင်သွင်းခြင်းတို့နှင့်စပ်လျဉ်း၍ ထောက်ခံသူမလို၊

( ခ ) ကော်မတီဝင်များသည် ကိစ္စတစ်ခုနှင့်စပ်လျဉ်း၍ တစ်ကြိမ်ထက်ပိုပြီး ဆွေးနွေးခွင့်ရှိသည်။

၁၁။ ကော်မတီနှင့် အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီတို့က ဆောင်ရွက်ရမည့် ကိစ္စရပ်များသည် တစ်ခုနှင့်တစ်ခု အကျုံးဝင်တူညီနေပါက ကော်မတီသည် လွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌတို့ ညှိနှိုင်းဆောင်ရွက်နိုင်ရန် လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြရမည်။

၁၂။ ကော်မတီဝင်များသည်-

(က) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွတ်လပ်စွာ ပြောဆိုဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိသည်။

( ခ ) လွှတ်တော်ကော်မတီ အများဆုံးနှစ်ခုအထိသာ ပါဝင်ဆောင်ရွက်နိုင်ခွင့်ရှိသည်။

( ဂ ) ကော်မတီဝင်အဖြစ်မှ နုတ်ထွက်လိုပါက ခိုင်လုံသော အကျိုးအကြောင်း ဖော်ပြလျက် လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြနိုင်ခွင့်ရှိသည်။

၁၃။ ပြည်ထောင်စုအစိုးရအဖွဲ့ အပါအဝင် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းတို့နှင့် တိုက်ရိုက်ဆက်သွယ်ပြီး ဖြေကြားနိုင်သည့် တာဝန်ရှိပုဂ္ဂိုလ်များအားလည်းကောင်း၊ လုပ်ငန်းနှင့်ဆက်စပ်သော အကြောင်းအရာများကို သိရှိနားလည်သည်ဟု ယူဆသူများအားလည်းကောင်း ဖိတ်ကြား၍ ကြားနာခြင်း၊ မေးမြန်းဆွေးနွေးခြင်းနှင့် လိုအပ်သည့်အထောက်အထားများကို တင်ပြစေခြင်း ပြုနိုင်သည်။

## ကော်မတီဝင်၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများ

၁၄။ ကော်မတီဝင်များသည် ကော်မတီလုပ်ငန်းတာဝန်ကို ဆောင်ရွက်ရန် သို့မဟုတ် ကော်မတီ အစည်းအဝေးတက်ရောက်ရန် ကော်မတီရုံးစိုက်ရာဒေသတွင် ရောက်ရှိနေစဉ်၌လည်းကောင်း၊ လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် လွှတ်တော်၏ တာဝန်ပေးချက်အရ ခရီးသွားလာရာ၌လည်းကောင်း ယင်းတို့နှင့်သက်ဆိုင်သည့် ချီးမြှင့်ငွေနှင့်စရိတ်များဆိုင်ရာ ဥပဒေပါ ရပိုင်ခွင့်များကို ခံစားခွင့်ရှိသည့်အပြင် လွှတ်တော်က သတ်မှတ်သည့် ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိသည်။

၁၅။　ကော်မတီဝင်များသည်-

(က)　ကော်မတီအစည်းအဝေးများတွင် တင်ပြဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေမှအပ တည်ဆဲအခြားဥပဒေတစ်ရပ်ရပ်အရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

( ခ )　ကော်မတီအစည်းအဝေး တက်ရောက်နေစဉ်အတွင်း လွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက်မရရှိပါက ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

( ဂ )　ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်းမခံရမီ လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ကော်မတီအစည်းအဝေးများသို့ တက်ရောက်ခွင့်ရှိသည်။

ခင်ရီ

ဥက္ကဋ္ဌ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်သူ့လွှတ်တော်

**အမိန့်ကြော်ငြာစာအမှတ် (၃/၂၀၂၆)**

၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း ၉ ရက်

(၂၀၂၆ ခုနှစ်၊ မတ်လ ၂၆ ရက်)

**လွှတ်တော်အခွင့်အရေးကော်မတီ ဖွဲ့စည်းခြင်း**

**ဖွဲ့စည်းခြင်း**

၁။　ပြည်သူ့လွှတ်တော်သည် ၂၀၁၂ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၄၊ ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄ နှင့် ပြည်သူ့လွှတ်တော် အစည်းအဝေးဆုံးဖြတ်ချက်တို့အရ လွှတ်တော်အခွင့်အရေးကော်မတီကို အောက်ပါ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၁၅) ဦးဖြင့် ဖွဲ့စည်းလိုက်သည်-

| | | | |
|---|---|---|---|
| (က) | ဦးမောင်မောင်အုန်း | တပ်ကုန်း မဲဆန္ဒနယ် | ဥက္ကဋ္ဌ |
| ( ခ ) | ဒေါက်တာ ကျော်ဦး | တောင်ငူ မဲဆန္ဒနယ် | အဖွဲ့ဝင် |
| ( ဂ ) | ဦးလှဆွေ | ပုဗ္ဗသီရိ မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဃ) | ဦးအောင်ဇော်မိုး (ခ) အောင်ဇော်မိုးထွန်း | မူဆယ် မဲဆန္ဒနယ် | အဖွဲ့ဝင် |
| ( င ) | ဦးအောင်မျိုးသန်း | ကော့မှူး မဲဆန္ဒနယ် | အဖွဲ့ဝင် |
| ( စ ) | ဒေါ်သီဂီမြင့်ရည် | ဒိုက်ဦး မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဆ) | ဒေါ်စိုးစိုးရီ | ဖျာပုံ မဲဆန္ဒနယ် | အဖွဲ့ဝင် |
| ( ဇ ) | ဦးစိုးနိုင် | မင်းတုန်း မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဈ) | ဦးစောဝင်းထိန် | ဖာပွန် မဲဆန္ဒနယ် | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (ည) | ဦးသန်းနိုင် | ဝါးခယ်မ မဲဆန္ဒနယ် | အဖွဲ့ဝင် |
| ( ဋ ) | ဦးစိုးဝင်း | မြို့သစ် မဲဆန္ဒနယ် | အဖွဲ့ဝင် |
| ( ဌ ) | ဦးဂုဏ်ဝမ်း | ခန္တီး မဲဆန္ဒနယ် | အဖွဲ့ဝင် |
| ( ဍ ) | ဗိုလ်ချုပ် ရဲကျော်သူ | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| ( ဎ ) | ဒုတိယဗိုလ်မှူးကြီး တင်သောင်းလင်း | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဏ) | ဒေါက်တာ ကျော်ကျော်ဌေး | ထားဝယ် မဲဆန္ဒနယ် | အတွင်းရေးမှူး |

၂။ ဤကော်မတီသည် ၂၀၁၂ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (ဇ) အရ ပြည်ထောင်စု အဆင့်အဖွဲ့အစည်းဖြစ်သည်။

**ကော်မတီ၏သက်တမ်း**

၃။ ကော်မတီ၏ သက်တမ်းသည် ပြည်သူ့လွှတ်တော်၏ သက်တမ်းနှင့်အညီ ဖြစ်သည်။ လွှတ်တော် ဥက္ကဋ္ဌသည် ကော်မတီ၏သက်တမ်း တစ်နှစ်ပြည့်မြောက်သည့်အခါ ပြန်လည်သုံးသပ်ပြီး လိုအပ်ပါက ကော်မတီဝင်များကို သင့်လျော်သလို လဲလှယ်အစားထိုး တာဝန်ပေးအပ်နိုင်သည်။

**ကော်မတီအစည်းအဝေးများ**

၄။ ကော်မတီအစည်းအဝေးများကို ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များ နှင့်အညီ ကျင်းပရမည်။

**ကော်မတီ၏တာဝန်များ**

၅။ ကော်မတီသည်-

(က) မိမိထံလွှဲအပ်သောကိစ္စအသီးသီးကို အောက်ပါအတိုင်း စုံလင်စွာစစ်ဆေး ဆောင်ရွက်ရမည်-

(၁) ကော်မတီသို့ လွှဲအပ်သောကိစ္စများနှင့်စပ်လျဉ်းသော အချက်များကို အခြေပြု၍ လွှတ်တော်၏ အခွင့်အရေးကို ဖောက်ဖျက်ရာ ရောက် မရောက် စဉ်းစားဆုံးဖြတ်ခြင်း၊

(၂) မည်သို့သောကိစ္စ၊ မည်သို့သော အချက်များမှစတင်၍ အခွင့်အရေးဖောက်ဖျက်မှု ဖြစ်ပေါ်လာရ ကြောင်းနှင့် မည်သို့မည်ပုံ ဖောက်ဖျက်ကြောင်းကို ဆုံးဖြတ်ခြင်း၊

(၃) ယင်းကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်က မည်ကဲ့သို့ အရေးယူသင့်ကြောင်းကို လွှတ်တော်သို့ အစီရင်ခံတင်ပြခြင်း။

( ခ ) အပိုဒ်ခွဲ (က) ပါ ပြဋ္ဌာန်းချက်များနှင့်မဆန့်ကျင်စေဘဲ အစီရင်ခံစာတွင် ဖော်ပြပါရှိသော အကြံပေးချက် များကို ဖြစ်မြောက်အောင် ဆောင်ရွက်နိုင်ရန် လွှတ်တော်က မည်သည့် နည်းလမ်းများကို ကျင့်သုံး သင့်ကြောင်း အစီရင်ခံစာတွင် အကြံပြုဖော်ပြရမည်။

( ဂ ) လွှတ်တော်က ဒေသဆိုင်ရာ သို့မဟုတ် နိုင်ငံတကာလွှတ်တော်များနှင့် ဆက်သွယ်နိုင်ရေးအတွက် လိုအပ်ပါက လွှတ်တော်သို့ တင်ပြနိုင်သည်။

၆။ ကော်မတီသည် လွှတ်တော်အစည်းအဝေးသို့ တက်ရောက်လာသော လွှတ်တော်ကိုယ်စားလှယ် များအား စိစစ်အတည်ပြုရမည်။

၇။ ကော်မတီ၏အစီရင်ခံစာတင်ပြခြင်းနှင့်စပ်လျဉ်း၍-

(က) ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးသည် အစီရင်ခံစာကို လွှတ်တော်သို့တင်ပြရမည်။

(ခ) ကော်မတီသို့လွှဲအပ်သော အခွင့်အရေးကိစ္စတစ်ရပ်ကို စဉ်းစားဆုံးဖြတ်ရန် ကော်မတီသည် အခါအားလျော်စွာစည်းဝေး၍ လွှတ်တော်က သတ်မှတ်သောနေ့တွင် အစီရင်ခံစာကို လွှတ်တော်သို့တင်ပြရမည်။ လွှတ်တော်က အစီရင်ခံစာ တင်ပြရမည့်ရက်ကို သတ်မှတ်ခြင်းမပြုလျှင် လွှတ်တော်က မိမိထံလွှဲအပ်တာဝန်ပေးသောနေ့မှ တစ်လအတွင်း လွှတ်တော်သို့ အစီရင်ခံစာ တင်ပြရမည်။

(ဂ) ကော်မတီဝင်များသည် ကော်မတီ၏အစီရင်ခံစာကို သဘောတူကြောင်း လက်မှတ်ရေးထိုးရမည်။ သို့ရာတွင် သဘောကွဲလွဲချက်များရှိပါက ထိုသဘောကွဲလွဲချက်များကို ရေးသားဖော်ပြ၍ လက်မှတ်ရေးထိုးပြီး အစီရင်ခံစာတွင် ပူးတွဲဖော်ပြနိုင်သည်။

(ဃ) ကော်မတီသည် သတ်မှတ်သည့်ရက်အတွင်း အပြီးသတ်အစီရင်ခံစာကို တင်ပြနိုင်ခြင်း မရှိပါက ကြားဖြတ်အစီရင်ခံစာ တင်ပြရမည်။

၈။ ကော်မတီ၏အစီရင်ခံစာကို လွှတ်တော်သို့တင်ပြပြီးနောက် ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီကတာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးသည် ဥက္ကဋ္ဌက သတ်မှတ်သောနေ့တွင် အစီရင်ခံစာကို ဆွေးနွေးရန်အဆိုကို ဆောလျင်စွာ တင်သွင်းရမည်။ ယင်းအဆို အတည်ဖြစ်သောအခါ အစီရင်ခံစာကို ဆွေးနွေးရမည်။ လွှတ်တော်က ဆွေးနွေးပြီးသောအခါ ဆွေးနွေးရန်အဆိုတင်သွင်းသူကပင် အစီရင်ခံစာကို လွှတ်တော်က လက်ခံအတည်ပြုရန် အဆိုတင်သွင်းရမည်။

၉။ ကော်မတီအစည်းအဝေးတွင် ကော်မတီဝင်တစ်ဦး ပြောဆိုသော သို့မဟုတ် ပြုလုပ်သော ကိစ္စကို သော်လည်းကောင်း၊ ကော်မတီတွင် ဆွေးနွေးသော ဆွေးနွေးချက်များကိုသော်လည်းကောင်း ပြင်ပသို့ ပေါက်ကြားခြင်း မရှိစေရ။ ကော်မတီအစည်းအဝေးမှတ်တမ်းတွင် ဆွေးနွေးချက်အားလုံးကို အသေးစိတ် မှတ်တမ်းတင်၍ ကော်မတီက အတည်ပြုထားရမည်။ ယင်းအစည်းအဝေးမှတ်တမ်းများကို ဖြန့်ဝေခြင်းမပြုရ။ လွှတ်တော်သို့ ပေးပို့သော အစီရင်ခံစာမိတ္တူကို အစည်းအဝေးမှတ်တမ်းများနှင့်အတူ ပူးတွဲ၍ အမှုတွဲအဖြစ် တပေါင်းတည်းထိန်းသိမ်းထားနိုင်ရန် ပြည်သူ့လွှတ်တော်ရုံးသို့ ပေးပို့ရမည်။

**ကော်မတီ၏ လုပ်ပိုင်ခွင့်များ**

၁၀။ ကော်မတီသည် မိမိ၏ အလုပ်ဝတ္တရားများကို ဆောင်ရွက်ရာတွင်-

(က) လိုအပ်သည့် ပြင်ပပုဂ္ဂိုလ်များကိုဆင့်ခေါ်၍ စုံစမ်းမေးမြန်းနိုင်သည်။ စာရွက်စာတမ်းများ၊ မှတ်တမ်းများကိုလည်း တင်ပြစေရန်ဆင့်ခေါ်နိုင်သည်။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ သက်သေထွက်ချက်သည် သို့မဟုတ် စာရွက်စာတမ်းများ၊ မှတ်တမ်းများသည် ကော်မတီ၏အလုပ်ဝတ္တရားများ ဆောင်ရွက်ရာတွင် သက်ဆိုင်သည် မသက်ဆိုင်သည် ဟူသော ပြဿနာပေါ်ပေါက်လာပါက အဆိုပါပြဿနာကို အဆုံးအဖြတ်ပေးရန် ကော်မတီဥက္ကဋ္ဌက လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြနိုင်သည်။ လွှတ်တော်ဥက္ကဋ္ဌက ချမှတ်သော အဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်သည်။ သို့ရာတွင် နိုင်ငံတော်လုံခြုံရေးကိုဖြစ်စေ၊ နိုင်ငံတော်၏အကျိုးကိုဖြစ်စေ ထိခိုက်နစ်နာဖွယ်ရာရှိသည်ဟူသော အကြောင်းပြချက်ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့က စာရွက်စာတမ်း၊ မှတ်တမ်းတစ်ရပ်ကို ကော်မတီသို့ ထုတ်ဖော်ပြောဆို တင်ပြရန် ငြင်းဆိုနိုင်သည်။

( ခ ) ကော်မတီ၏ရှေ့တွင် သက်သေခံရန်ဖြစ်စေ၊ စာရွက်စာတမ်း၊ မှတ်တမ်းများ တင်ပြရန်ဖြစ်စေ လိုအပ်သော အခါ သက်ဆိုင်သူအား စာဖြင့်ဆင့်ဆိုရမည်။ ကော်မတီ၏ရှေ့တွင် သက်သေထွက်ဆိုချက်ကို သို့မဟုတ် သက်သေခံအဖြစ် တင်ပြသော စာရွက်စာတမ်း၊ မှတ်တမ်းကို လျှို့ဝှက်ထား သင့် မသင့် ကော်မတီက ဆုံးဖြတ်နိုင်သည်။

( ဂ ) ပြည်ထောင်စုအစိုးရအဖွဲ့အပါအဝင် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတို့နှင့် တိုက်ရိုက်ဆက်သွယ်ပြီး ဖြေကြားနိုင်သည့် တာဝန်ရှိပုဂ္ဂိုလ်များအားလည်းကောင်း၊ လုပ်ငန်းနှင့်ဆက်စပ်သော အကြောင်းအရာ များကို သိရှိနားလည်သည်ဟု ယူဆသူများအားလည်းကောင်း ဖိတ်ကြား၍ ကြားနာခြင်း၊ မေးမြန်း ဆွေးနွေးခြင်းနှင့် လိုအပ်သည့် အထောက်အထားများကို တင်ပြစေခြင်း ပြုနိုင်သည်။

၁၁။ ကော်မတီအစည်းအဝေးများ ကျင်းပရာတွင် ဥပဒေအကြံဉာဏ်များရယူရန် လိုအပ်လျှင် ပြည်ထောင်စု ရှေ့နေချုပ်အား ဖိတ်ကြားတက်ရောက်စေရမည်။

၁၂။ အပိုဒ် ၅ ပါတာဝန်များအရ ကော်မတီက စိစစ်ရာတွင်–

(က) ကော်မတီတွင် အဆိုတင်သွင်းခြင်း၊ အကြံပြုချက်တင်သွင်းခြင်းတို့နှင့်စပ်လျဉ်း၍ ထောက်ခံသူမလို၊

( ခ ) ကော်မတီတွင် တင်ပြသည့် ကိစ္စတစ်ခုနှင့်စပ်လျဉ်း၍ တစ်ကြိမ်ထက်ပိုပြီး ဆွေးနွေးခွင့်ရှိသည်။

၁၃။ ကော်မတီဝင်များသည်–

(က) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွတ်လပ်စွာ ပြောဆိုဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိသည်။

( ခ ) လွှတ်တော်ကော်မတီ အများဆုံးနှစ်ခုအထိသာ ပါဝင်ဆောင်ရွက်နိုင်ခွင့်ရှိသည်။

( ဂ ) ကော်မတီဝင်အဖြစ်မှ နုတ်ထွက်လိုပါက ခိုင်လုံသော အကျိုးအကြောင်း ဖော်ပြလျက် လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြနိုင်ခွင့်ရှိသည်။

## ကော်မတီ၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများ

၁၄။ ကော်မတီဝင်များသည် ကော်မတီလုပ်ငန်းတာဝန်ကို ဆောင်ရွက်ရန် သို့မဟုတ် ကော်မတီအစည်း အဝေးတက်ရောက်ရန် ကော်မတီရုံးစိုက်ရာဒေသတွင် ရောက်ရှိနေစဉ်၌လည်းကောင်း၊ လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် လွှတ်တော်၏တာဝန်ပေးချက်အရ ခရီးသွားလာရာ၌လည်းကောင်း ယင်းတို့နှင့်သက်ဆိုင်သည့် ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာဥပဒေပါ ရပိုင်ခွင့်များကို ခံစားခွင့်ရှိသည့်အပြင် လွှတ်တော်ကသတ်မှတ်သည့် ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိသည်။

၁၅။ ကော်မတီဝင်များသည်–

(က) ကော်မတီအစည်းအဝေးများတွင် တင်ပြဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေမှအပ တည်ဆဲအခြားဥပဒေတစ်ရပ်ရပ်အရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

( ခ ) ကော်မတီအစည်းအဝေး တက်ရောက်နေစဉ်အတွင်း လွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက်မရရှိပါက ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

( ဂ ) ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်းမခံရမီ လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ကော်မတီအစည်းအဝေးများသို့ တက်ရောက်ခွင့်ရှိသည်။

ခင်ရီ

ဥက္ကဋ္ဌ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်သူ့လွှတ်တော်

**အမိန့်ကြော်ငြာစာအမှတ် (၄/၂၀၂၆)**

၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း ၉ ရက်

(၂၀၂၆ ခုနှစ်၊ မတ်လ ၂၆ ရက်)

**အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ ဖွဲ့စည်းခြင်း**

**ဖွဲ့စည်းခြင်း**

၁။ ပြည်သူ့လွှတ်တော်သည် ၂၀၁၂ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၄၊ ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄ နှင့် ပြည်သူ့လွှတ်တော် အစည်းအဝေးဆုံးဖြတ်ချက်တို့အရ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီကို အောက်ပါ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၁၅) ဦးဖြင့် ဖွဲ့စည်းလိုက်သည်–

| | | | |
|---|---|---|---|
| (က) | ဦးသန်းထွန်းဦး | ကျိုင်းတုံ မဲဆန္ဒနယ် | ဥက္ကဋ္ဌ |
| ( ခ ) | ဦးမင်းခန့်ကျော် | ပဲခူး မဲဆန္ဒနယ် | အဖွဲ့ဝင် |
| ( ဂ ) | ဦးခင်မောင်ထွန်း | ဖောင်းပြင် မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဃ) | ဦးအောင်လင်းလှိုင် | ဘုတ်ပြင်း မဲဆန္ဒနယ် | အဖွဲ့ဝင် |
| ( င ) | ဦးအောင်ကျော်နိုင်း | ကျွန်းစု မဲဆန္ဒနယ် | အဖွဲ့ဝင် |
| ( စ ) | ဒေါက်တာ နန္ဒာလှမြင့် | ကလော မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဆ) | ဦးအောင်ကိုလတ် | တမူး မဲဆန္ဒနယ် | အဖွဲ့ဝင် |
| ( ဇ ) | ဦးတိုးဝင်း | တောင်သာ မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဈ) | ဒေါ်ဆွေဆွေသင်း | ပေါင်းတည် မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ည) | ဦးဉာဏ်ဝင်းထိုက် | ဗိုလ်တထောင် မဲဆန္ဒနယ် | အဖွဲ့ဝင် |
| ( ဋ ) | ဒေါ်စမ်းစမ်းဌေး | ဒဂုံမြို့သစ် (တောင်ပိုင်း) မဲဆန္ဒနယ် | အဖွဲ့ဝင် |
| ( ဌ ) | ဒေါက်တာ ထိန်ဝင်း | ကျောင်းကုန်း မဲဆန္ဒနယ် | အဖွဲ့ဝင် |
| ( ဍ ) | ဗိုလ်မှူးချုပ် အောင်စိုး | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| ( ဎ ) | ဒုတိယဗိုလ်မှူးကြီး လှနိုင် | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဏ) | ဦးသန်းထွန်း | ပုသိမ် မဲဆန္ဒနယ် | အတွင်းရေးမှူး |

၂။ ဤကော်မတီသည် ၂၀၁၂ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (ဇ) အရ ပြည်ထောင်စု အဆင့်အဖွဲ့အစည်းဖြစ်သည်။

**ကော်မတီ၏သက်တမ်း**

၃။ ကော်မတီ၏ သက်တမ်းသည် ပြည်သူ့လွှတ်တော်၏ သက်တမ်းနှင့်အညီဖြစ်သည်။ လွှတ်တော် ဥက္ကဋ္ဌသည် ကော်မတီ၏သက်တမ်း တစ်နှစ်ပြည့်မြောက်သည့်အခါ ပြန်လည်သုံးသပ်ပြီး လိုအပ်ပါက ကော်မတီဝင်များကို သင့်လျော်သလို လဲလှယ်အစားထိုး တာဝန်ပေးအပ်နိုင်သည်။

**ကော်မတီအစည်းအဝေးများ**

၄။ ကော်မတီအစည်းအဝေးများကို ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များ နှင့်အညီ ကျင်းပရမည်။

**ကော်မတီ၏တာဝန်များ**

၅။ ကော်မတီသည် ပြည်သူ့လွှတ်တော်တွင် ပြည်ထောင်စုအစိုးရအဖွဲ့အပါအဝင် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများက အခါအားလျော်စွာပေးခဲ့သည့် အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များကို လိုက်နာဆောင်ရွက်ခြင်း ရှိ မရှိ စိစစ်ပြီး အောက်ပါအချက်များနှင့်စပ်လျဉ်း၍ လွှတ်တော်သို့ တင်ပြရမည်-

(က) ပြည်ထောင်စုအစိုးရအဖွဲ့အပါအဝင် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများက ပေးခဲ့သော အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များကို မည်သည့် အခြေအနေထိ ဆောင်ရွက်ပြီးကြောင်း၊

( ခ ) အဆိုပါအာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များကို ပြည်ထောင်စုအစိုးရအဖွဲ့အပါအဝင် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများက ဆောင်ရွက်ပြီးဖြစ်လျှင် ထိုသို့ဆောင်ရွက်ခြင်းမှာ သတ်မှတ်သည့် ကာလအတွင်း သတ်မှတ်ချက်အတိုင်း ဆောင်ရွက်ပြီးစီးခြင်း ရှိ မရှိ နှင့် မူလသတ်မှတ်ချက်အတိုင်း ပြီးစီးခြင်း ရှိ မရှိ။

၆။ ကော်မတီ၏ အစီရင်ခံစာတင်ပြခြင်းနှင့်စပ်လျဉ်း၍-

(က) ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးသည် အစီရင်ခံစာကို လွှတ်တော်သို့ တင်ပြရမည်။

( ခ ) ကော်မတီဝင်များသည် အစီရင်ခံစာကို သဘောတူကြောင်း လက်မှတ်ရေးထိုးရမည်။ သို့ရာတွင် သဘောကွဲလွဲချက်များရှိပါက ထိုသဘောကွဲလွဲချက်များကို ရေးသားဖော်ပြ၍ လက်မှတ်ရေးထိုးပြီး အစီရင်ခံစာတွင် ပူးတွဲဖော်ပြနိုင်သည်။

( ဂ ) ကော်မတီသည် အစီရင်ခံစာကို လွှတ်တော်သို့ တင်ပြပြီးနောက် ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးသည် လွှတ်တော်ဥက္ကဋ္ဌက သတ်မှတ်သော နေ့တွင် အစီရင်ခံစာကို ဆွေးနွေးရန်အဆိုတင်သွင်းရမည်။ ယင်းအဆို အတည်ဖြစ်ပြီးသောအခါ လွှတ်တော်ကိုယ်စားလှယ်များက မိမိတို့၏ ယူဆချက်များ၊ ထင်မြင်ချက်များနှင့် အကြံဉာဏ်များကို ပေးနိုင်သည်။ သို့ရာတွင် အစီရင်ခံစာနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်များ မပြုလုပ်ရ။

(ဃ) အစီရင်ခံစာကို လွှတ်တော်ကဆွေးနွေးပြီးသောအခါ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးသည် လွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းရမည်။

(င) ကော်မတီသည် လွှတ်တော်က သတ်မှတ်သည့်ရက်အတွင်း အပြီးသတ်အစီရင်ခံစာ တင်ပြနိုင်ခြင်းမရှိပါက ကြားဖြတ်အစီရင်ခံစာ တင်ပြရမည်။

၇။ ကော်မတီအစည်းအဝေးတွင် ကော်မတီဝင်တစ်ဦးပြောဆိုသော သို့မဟုတ် ပြုလုပ်သော ကိစ္စကို သော်လည်းကောင်း၊ ကော်မတီတွင်ဆွေးနွေးသော ဆွေးနွေးချက်များကိုသော်လည်းကောင်း ပြင်ပသို့ ပေါက်ကြားခြင်းမရှိစေရ။ ကော်မတီအစည်းအဝေးမှတ်တမ်းတွင် ဆွေးနွေးချက်အားလုံးကို အသေးစိတ် မှတ်တမ်းတင်၍ ကော်မတီက အတည်ပြုထားရမည်။ ယင်းအစည်းအဝေးမှတ်တမ်းများကို ဖြန့်ဝေခြင်းမပြုရ။ ပြည်သူ့လွှတ်တော်သို့ပေးပို့သော အစီရင်ခံစာမိတ္တူကို အစည်းအဝေးမှတ်တမ်းများနှင့်အတူ ပူးတွဲ၍ အမှုတွဲ အဖြစ် တပေါင်းတည်းထိန်းသိမ်းထားနိုင်ရန် ပြည်သူ့လွှတ်တော်ရုံးသို့ ပေးပို့ရမည်။

**ကော်မတီ၏လုပ်ပိုင်ခွင့်များ**

၈။ အပိုဒ် ၅ ပါ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ထိရောက်မှန်ကန်စွာ ဆောင်ရွက်ထားခြင်း ရှိ မရှိ စိစစ်နိုင်ရေး အတွက် လိုအပ်သည့်နေရာဒေသများသို့ သွားရောက်စစ်ဆေးနိုင်သည်။

၉။ ကော်မတီဝင်များသည်–

(က) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွတ်လပ်စွာ ပြောဆိုဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိသည်။

(ခ) လွှတ်တော်ကော်မတီ အများဆုံး နှစ်ခုအထိသာ ပါဝင်ဆောင်ရွက်နိုင်ခွင့်ရှိသည်။

(ဂ) ကော်မတီဝင်အဖြစ်မှ နုတ်ထွက်လိုပါက ခိုင်လုံသော အကျိုးအကြောင်းဖော်ပြလျက် လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြနိုင်ခွင့်ရှိသည်။

၁၀။ ကော်မတီသည် လွှတ်တော်တွင် ပြည်ထောင်စုအစိုးရအဖွဲ့အပါအဝင် ပြည်ထောင်စုအဆင့် အဖွဲ့အစည်း များက အခါအားလျော်စွာပေးခဲ့သည့် အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များကို စိစစ်ရာတွင်–

(က) ကော်မတီတွင် အဆိုတင်သွင်းခြင်း၊ အကြံပြုချက်တင်သွင်းခြင်းတို့နှင့်စပ်လျဉ်း၍ ထောက်ခံသူမလို။

(ခ) ကော်မတီဝင်များသည် ကိစ္စတစ်ခုနှင့်စပ်လျဉ်း၍ တစ်ကြိမ်ထက်ပိုပြီး ဆွေးနွေးခွင့်ရှိသည်။

(ဂ) ပြည်ထောင်စုအစိုးရအဖွဲ့အပါအဝင် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းတို့နှင့် တိုက်ရိုက်ဆက်သွယ်ပြီး ဖြေကြားနိုင်သည့် တာဝန်ရှိပုဂ္ဂိုလ်များအားလည်းကောင်း၊ လုပ်ငန်းနှင့်ဆက်စပ်သော အကြောင်းအရာ များကို သိရှိနားလည်သည်ဟု ယူဆသူများအားလည်းကောင်း ဖိတ်ကြား၍ ကြားနာခြင်း၊ မေးမြန်း ဆွေးနွေးခြင်းနှင့် လိုအပ်သည့် အထောက်အထားများကို တင်ပြစေခြင်းပြုနိုင်သည်။

**ကော်မတီ၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများ**

၁၁။ ကော်မတီဝင်များသည် ကော်မတီလုပ်ငန်းတာဝန်ကို ဆောင်ရွက်ရန် သို့မဟုတ် ကော်မတီအစည်း အဝေး တက်ရောက်ရန် ကော်မတီရုံးစိုက်ရာဒေသတွင် ရောက်ရှိနေစဉ်၌လည်းကောင်း၊ လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် လွှတ်တော်၏တာဝန်ပေးချက်အရ ခရီးသွားလာရာ၌လည်းကောင်း ယင်းတို့နှင့်သက်ဆိုင်သည့် ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာဥပဒေပါ ရပိုင်ခွင့်များကို ခံစားခွင့်ရှိသည့်အပြင် လွှတ်တော်က သတ်မှတ်သည့် ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိသည်။

၁၂။ ကော်မတီဝင်များသည်-

(က) ကော်မတီအစည်းအဝေးများတွင် တင်ပြဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေမှအပ တည်ဆဲအခြားဥပဒေတစ်ရပ်ရပ်အရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

( ခ ) ကော်မတီအစည်းအဝေး တက်ရောက်နေစဉ်အတွင်း လွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက် မရရှိပါက ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

( ဂ ) ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်းမခံရမီ လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ကော်မတီအစည်းအဝေးများသို့ တက်ရောက်ခွင့်ရှိသည်။

ခင်ရီ

ဥက္ကဋ္ဌ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်သူ့လွှတ်တော်

## အမိန့်ကြော်ငြာစာအမှတ် (၅/၂၀၂၆)

၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း ၉ ရက်

(၂၀၂၆ ခုနှစ်၊ မတ်လ ၂၆ ရက်)

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီ တာဝန်ပြီးဆုံးခြင်း

၁။ တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးသို့ တက်ရောက်လာသော လွှတ်တော်ကိုယ်စားလှယ်များအား စိစစ်ရန် ၂၀၁၂ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၈၊ ပုဒ်မခွဲ (က) အရ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီကို အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၄၀/၂၀၂၆ ဖြင့် ဖွဲ့စည်းခဲ့ပါသည်။

၂။ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီကို ၂၀၂၆ ခုနှစ်၊ မတ်လ ၂၆ ရက်နေ့တွင် ဖွဲ့စည်းပြီးဖြစ်သဖြင့် လွှတ်တော်ကိုယ်စားလှယ်များအား စိစစ်ရန်တာဝန်ကို ၂၀၁၂ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၃၈၊ ပုဒ်မခွဲ (ခ) အရ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီက ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်၍ ၂၀၂၆ ခုနှစ်၊ မတ်လ ၂၆ ရက်နေ့ ညနေပိုင်းမှစ၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီ တာဝန်ပြီးဆုံးပြီဖြစ်ပါသည်။

ခင်ရီ

ဥက္ကဋ္ဌ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်သူ့လွှတ်တော်

### အမိန့်ကြော်ငြာစာအမှတ် (၆/၂၀၂၆)

၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၂ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၃ ရက်)

### ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နေရာ လစ်လပ်ကြောင်း ကြေညာခြင်း

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးညိုစော၊ ကိုကိုးကျွန်းမဲဆန္ဒနယ်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၆၃ အရ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၃ ရက်နေ့တွင် ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ပြီးဖြစ်၍ ယင်းမဲဆန္ဒနယ်တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် နေရာလစ်လပ်ကြောင်း ကြေညာအပ်ပါသည်။

ခင်ရီ

ဥက္ကဋ္ဌ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

### အမိန့်ကြော်ငြာစာအမှတ် (၁၉၃/၂၀၂၆)

၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၁ ရက်

(၂၀၂၆ ခုနှစ်၊ မတ်လ ၁၃ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ ကလေးသူငယ်တရားသူကြီး ဦးအောင်ဇော်ထူး (တ/၃၁၃၇) အား မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အောက်ဖော်ပြပါ မြို့နယ်များတွင်ဖြစ်ပွားသော ကလေးသူငယ်မှုခင်းများကို စစ်ဆေးစီရင်နိုင်ရန်အလို့ငှာ ၂၀၁၉ ခုနှစ် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေပုဒ်မ ၈၂၊ ပုဒ်မခွဲ (က) အရ စီရင်ပိုင်ခွင့်အာဏာ အပ်နှင်းလိုက်သည်-

(၁) အောင်မြေသာစံမြို့နယ်

(၂) ချမ်းအေးသာစံမြို့နယ်

(၃) မဟာအောင်မြေမြို့နယ်

(၄) ချမ်းမြသာစည်မြို့နယ်

(၅) ပြည်ကြီးတံခွန်မြို့နယ်

သာဌေး

ပြည်ထောင်စုတရားသူကြီးချုပ်

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

### အမိန့်ကြော်ငြာစာအမှတ် (၁၉၄/၂၀၂၆)

၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၁ ရက်

(၂၀၂၆ ခုနှစ်၊ မတ်လ ၁၃ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ အောက်ဖော်ပြပါ ဒုတိယတန်းရာဇဝတ်အာဏာရ ဒုတိယမြို့နယ်တရားသူကြီး (မြို့နယ်တရားသူကြီးတာဝန်) များအား ပထမတန်းရာဇဝတ်အာဏာနှင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၀၈၊ ၁၁၀၊ ၁၄၃၊ ၁၈၆၊ ၁၉၀၊ ၁၉၂၊ ၂၆၀၊ ၄၀၇၊ ၅၂၄ တို့အရ စစ်ဆေးနိုင်သည့် ရာဇဝတ်အာဏာအပ်နှင်းလိုက်သည်–

| အမှတ်စဉ် | အမည်နှင့် ကိုယ်ပိုင်အမှတ် | တာဝန်ထမ်းဆောင်သည့် မြို့နယ်တရားရုံး |
|---|---|---|
| ၁။ | ဦးသီဟန်ထက်<br>တ/၄၀၅၁ | လင်းခေး<br>ရှမ်းပြည်နယ် |
| ၂။ | ဦးလွင်မိုးအောင်<br>တ/၄၀၅၄ | ကျေးသီး<br>ရှမ်းပြည်နယ် |

သာဌေး

ပြည်ထောင်စုတရားသူကြီးချုပ်

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

### အမိန့်ကြော်ငြာစာအမှတ် (၃၂/၂၀၂၆)

၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း ၁၅ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၁ ရက်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀–၄,၀၀၀–၃၉၄,၀၀၀) ဦးအောင်ကျော်စိုး အား လစ်လပ်လျက်ရှိသော ဒုတိယ ညွှန်ကြားရေးမှူးချုပ်၊ လစာနှုန်း (၄၁၈,၀၀၀–၄,၀၀၀–၄၃၈,၀၀၀) ရာထူးသို့ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်။

အောင်ဇော်သိန်း

ဥက္ကဋ္ဌ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး

## အမိန့်ကြော်ငြာစာအမှတ် (၅/၂၀၂၆)

၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၂ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၃ ရက်)

၂၀၂၆ ခုနှစ်၊ ဧပြီလ ၃ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် အစည်းအဝေးအမှတ်စဉ် (၁၄/၂၀၂၆) ၏ ဆုံးဖြတ်ချက်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၊ စုံစမ်းစစ်ဆေးရေးဦးစီးဌာနတွင် တာဝန်ထမ်းဆောင်လျက်ရှိသော အောက်ဖော်ပြပါ အရာထမ်း (၂) ဦးတို့အား ၎င်းတို့အမည်နှင့်ယှဉ်တွဲပါ ရာထူး၊ လစာနှုန်း၊ ဌာနများတွင် တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခွင့်ပြုလိုက်သည်-

| စဉ် | အမည် | လက်ရှိတာဝန်ထမ်းဆောင်သည့် ရာထူး၊ လစာနှုန်း၊ ဌာန | ပြောင်းရွှေ့တာဝန်ထမ်းဆောင်စေသည့် ရာထူး၊ လစာနှုန်း၊ ဌာန |
|---|---|---|---|
| ၁။ | ဒေါ်စုစု | ညွှန်ကြားရေးမှူး<br>(၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)<br>စုံစမ်းစစ်ဆေးရေးဌာနခွဲ (၅)<br>စုံစမ်းစစ်ဆေးရေးဦးစီးဌာန | လက်ထောက်အတွင်းဝန်<br>(၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)<br>ကော်မရှင်ရုံးအဖွဲ့ |
| ၂။ | ဒေါ်စိုးစိုးမော် | ညွှန်ကြားရေးမှူး<br>(၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)<br>စုံစမ်းစစ်ဆေးရေးဌာနခွဲ (၄)<br>စုံစမ်းစစ်ဆေးရေးဦးစီးဌာန | ညွှန်ကြားရေးမှူး<br>(၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)<br>စုံစမ်းစစ်ဆေးရေးဌာနခွဲ (၆)<br>စုံစမ်းစစ်ဆေးရေးဦးစီးဌာန |

လွင်ဦး

ဥက္ကဋ္ဌ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# အခွန်အယူခံခုံအဖွဲ့

## ၂၀၂၅ ခုနှစ်၊ အကောက်ခွန်အယူခံမှုအမှတ်-၉

| လျှောက်ထားသူ | | လျှောက်ထားခံရသူ |
|---|---|---|
| ဒေါ်သူဇာဝင်း<br>PP No.MH 869902<br>ဘုရင့်နောင် (၁) လမ်း၊ လမ်းသွယ် (၂)<br>သမိုင်းမြို့သစ်၊ မရမ်းကုန်းမြို့နယ်၊<br>ရန်ကုန်တိုင်းဒေသကြီး။ | နှင့် | ကာကွယ်ရေးဌာနခွဲ၊<br>အကောက်ခွန်ဦးစီးဌာန၊<br>ရန်ကုန်မြို့။ |
| လျှောက်ထားသူအတွက် လိုက်ပါဆောင်ရွက်သူ | - | ဦးရွှေမင်း ၊တရားလွှတ်တော်ရှေ့နေ။ |
| လျှောက်ထားခံရသူအတွက် လိုက်ပါဆောင်ရွက်သူ | - | ဦးခင်မောင်ထွန်း၊(လ/ထညွှန်ကြားရေးမှူး)<br>ဌာနဆိုင်ရာကိုယ်စားလှယ်<br>အကောက်ခွန်ဦးစီးဌာန။ |
| အမိန့်ချမှတ်သည့်ရက်စွဲ | - | ၂၀၂၆ ခုနှစ်၊ မတ် လ ၁၈ ရက် |

အမှုမှာ ၂၆-၇-၂၀၂၄ ရက်နေ့ (၁၂:၄၀)နာရီအချိန်ခန့်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် Departure ၌ MAI Airlines လေယာဉ်ခရီးစဉ်အမှတ် 8M -333/CR-6345 ဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့သို့ ထွက်ခွာမည့် မြန်မာနိုင်ငံသားခရီးသည် Ma Thu Zar Win(PP# MH869902)ထံမှ ခရီးသည် Baggage များအား Departure Check in ဆောင်ရွက်ရာ inline X-Ray စက်ဖြင့် ဖြတ်သန်းစစ်ဆေးရာတွင် မသင်္ကာဖွယ်ရာ ပုံရိပ်တွေ့ရှိရသဖြင့် အဆိုပါ Baggage အား လေယာဉ်ပေါ်တင်ဆောင်ခွင့်မပြုဘဲ Arrival Exit-A ကောင်တာ၌ ပိုင်ရှင်ကိုယ်စားလှယ်ဖြစ်သူ ဦးဇွဲမာန်ထက် (၇/သဝတ(နိုင်)၁၃၂၁၃၂) ၏ ရှေ့မှောက်တွင် ပူးပေါင်းအဖွဲ့စုံဖြင့် ဖွင့်ဖောက်စစ်ဆေးခဲ့ရာ တရားဝင်တင်ပို့ခွင့် အထောက်အထားစာရွက်စာတမ်း တင်ပြနိုင်ခြင်းမရှိသော ကန့်သတ်ကုန်ပစ္စည်းများဖြစ်သည့် ရွှေလက်ကောက်(၆)ကွင်း အလေးချိန် (၆၀.၀၂၃၇) ကျပ်သား စုစုပေါင်းတန်ဖိုးငွေကျပ် (၂၄၆,၇၉၃,၇၀၈.၈၄) ( ကျပ်နှစ်ထောင့်လေးရာခြောက်ဆယ့်ခုနစ်သိန်းကိုးသောင်းသုံးထောင်ခုနစ်ရာရှစ်နှင့်ရှစ်ဆယ့်လေးပြား) စစ်ဆေးတွေ့ရှိရသဖြင့် အဆိုပါပစ္စည်းများအား ပင်လယ်ရေကြောင်းအကောက်ခွန် အက်ဥပဒေပုဒ်မ ၁၉ အရတားမြစ်ထားသည့်အချက်များအား ဖောက်ဖျက်ကျူးလွန်ခြင်းဖြစ်သောကြောင့် ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၆၇ (၈) အရ အကောက်ခွန်ဦးစီးဌာနက ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းသည့် အမိန့်ထုတ်ပြန်ခဲ့ခြင်းအပေါ် ပိုင်ရှင်ဖြစ်သူမှ အမိန့်ကို ပယ်ဖျက်ပေးပါရန် အခွန်အယူခံခုံအဖွဲ့သို့ အယူခံတင်ပြလာခြင်းဖြစ်သည်။

လျှောက်ထားသူ၏ အကျိုးဆောင်ရှေ့နေက လျှောက်ထားသူသည် ယခင်မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ ၈၄ လမ်း၊ ၂၈ x ၂၉ လမ်းကြားတွင် ခင်ပွန်းဖြစ်သူ ဦးမင်းအောင်(ခ) ဦးမင်းဝင်း မိသားစုနှင့်အတူ နေထိုင်ပြီး အောင်မြေသာစံမြို့နယ် ၂၂ လမ်း ၊ ၈၉ x ၉၀ လမ်းကြားတွင် လင်းလက်ဝါအမည်ဖြင့် ရွှေပန်းထိမ်လုပ်ငန်းလုပ်ကိုင်ခဲ့ကြောင်း၊ လုပ်ငန်းလိုင်စင်ကို ခင်ပွန်း၏ညီဖြစ်သူ ဦးဝင်းအောင် အမည်ဖြင့် လျှောက်ထားရယူခဲ့ကြောင်း၊ ၂၈-၃-၂၀၂၄ ရက်နေ့၊ ညနေ (၅:၁၁) နာရီခန့်အချိန်တွင် ရွှေပန်းထိမ်ဆိုင်သို့ လုံခြုံရေးတပ်ဖွဲ့ဝင် အသွင်ယူဝတ်ဆင်ထားသော အမျိုးသား (၄) ဦး ရောက်ရှိလာပြီး နေအိမ်အတွင်း ဝင်ရောက်ကာ နေအိမ်တတိယထပ်ရှိ မီးခံသေတ္တာအတွင်းမှ ရွှေထည်ပစ္စည်းမျိုးစုံ အလေးချိန် (၂.၅) ပိဿာခန့် (ကာလတန်ဖိုး ကျပ်သိန်း ၁၀,၀၀၀ ကျော်ခန့်)ကို လုယက်ယူဆောင်သွားခဲ့ကြောင်း၊ ဦးဝင်းအောင်က ရဲစခန်းတွင် အမှုဖွင့်တိုင်တန်းခဲ့ပြီး ၇-၄-၂၀၂၄ ရက်နေ့တွင် ပြစ်မှုကျူးလွန်သူများအနက် မြတ်သူအောင်ကို ဖမ်းဆီးရမိခဲ့ကြောင်း၊ ယင်း၏ထွက်ဆိုချက်အရ အမှုတွင် ပါဝင်ကျူးလွန်သူ ဆက်စပ်

တရားခံ စုစုပေါင်း (၇)ဦးကို ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ပြီး အောင်မြေသာစံ ခရိုင်တရားရုံးတွင် တရားစွဲဆိုခဲ့ကြောင်း၊ လုယက်ဓားပြတိုက်ရန် သတင်းပေးခဲ့သူ ကိုကိုနိုင် (ခ) ကိုနိုင်မှာ လင်းလက်ဝါရွှေပန်းထိမ်ဆိုင်၌ အလုပ်လုပ်ကိုင်နေသူ တစ်ဦးဖြစ်ကြောင်း တင်ပြသည်။

ဆက်လက်၍ ဓားပြတိုက်လုယက်ရာတွင် ပါသွားသော ရွှေထည်ပစ္စည်းများအနက် သုံးပုံနှစ်ပုံသာ ပြန်လည်ရရှိခဲ့ကြောင်း၊ ယင်းရွှေထည်များ အရည်ကျိုပြီး အတုံးအခဲများကို တရားရုံးက ကျပ်သိန်း ၅,၀၀၀ တန် ခံဝန်ချုပ်ဖြင့် ယာယီထိန်းသိမ်းခွင့်ပြုခဲ့ကြောင်း၊ ပြန်လည်ရရှိသော ရွှေစုစုပေါင်း အလေးချိန်မှာ ၁၅၆ ကျပ်သားခန့်အနက် လျှောက်ထားသူ ၏ လက်ကောက် (၆) ကွင်းမှာ ခင်ပွန်းသည် ရထိုက်သည့် ဝေစုဖြစ်ကြောင်း၊ လျှောက်ထားသူသည် ဖခင်၊ မိခင်၊ ခင်ပွန်းတို့နှင့်အတူ ချမ်းအေးသာစံမြို့နယ်ရှိ နေအိမ်တွင် နေထိုင်ကြပြီး ကျန်သူများသည် ပန်းတိမ်ဆိုင်နေအိမ်၌ နေထိုင်ကြကြောင်း၊ လျှောက်ထားသူသည် ဖန်ပြွန်သန္ဓေသားဖြင့် သား၊ သမီးရရှိရန် ထိုင်းနိုင်ငံသို့ သွားရောက်ဆေးကုသမှု ခံယူနေသူဖြစ်ပြီး မိခင်ဖြစ်သူမှာ ဒူးခေါင်းနှစ်ဖက် ခွဲစိတ်ခံထားရသောကြောင့် အခင်းဖြစ် ၂၆-၇-၂၀၂၄ ရက်နေ့တွင် သားအမိနှစ်ဦး ထိုင်းနိုင်ငံသို့ ထွက်ခွာရန် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိနေခြင်းဖြစ်ကြောင်း၊ လျှောက်ထားသူ၏ဖခင်သည် ထိုင်းနိုင်ငံရှိသားဖြစ်သူထံတွင် သွားရောက်နေပြီး ခင်ပွန်းဖြစ်သူက ဖခင်ကိုလိုက်ပါပို့ဆောင်ကာ ၂၆-၇-၂၀၂၄ ရက်နေ့တွင် ထိုင်းနိုင်ငံလေကြောင်းခရီးဖြင့် မန္တလေးသို့ ပြန်လာနေချိန်ဖြစ်ပါကြောင်း၊ ယင်းအခြေအနေတွင် မန္တလေးနေအိမ်၌ မည်သူမျှမရှိသဖြင့် ရွှေလက်ကောက် (၆) ကွင်းအား အိမ်၌ထားခဲ့ရန် စိတ်မချသောကြောင့် မိမိနှင့်အတူ ယူသွားလိုသဖြင့် ခင်ပွန်းဖြစ်သူအားပြောပြရာ ခင်ပွန်းက ရွှေတုံးရွှေခဲမဟုတ်ဘဲ လက်ဝတ်ရတနာဖြစ်၍ယူသွားနိုင်ကြောင်း ပြောသောကြောင့် ယူဆောင်သွားခြင်းဖြစ်ကြောင်း တင်ပြသည်။

လင်းလက်ဝါ ရွှေပန်းထိမ်ဆိုင် ဓားပြတိုက် လုယက်မှုမတိုင်မီက မောသစ်ရွှေဆိုင် ၊ ဆယ်သန်းရွှေဆိုင်၊ ချောင်ချောင်ရွှေဆိုင်တို့သည်လည်း အကြိမ်ကြိမ် ဓားပြတိုက်ခံခဲ့ရကြောင်း၊ အခြားအသိမိတ်ဆွေ ရွှေဆိုင်များလည်း မကြာခဏ ဓားပြတိုက်ခံရသဖြင့် တရားရုံးက ခံဝန်ချုပ်ဖြင့် ပြန်ပေးထားသည့် အရည်ကျိုချက်ပြီး ရွှေအတုံးအခဲ အချပ်လိုက်ကို လက်ကောက်အဖြစ် အကြမ်းထည်ပြုလုပ် သိမ်းဆည်းထားရာမှ အိမ်တွင် လူစောင့်မရှိ၍ အခင်းဖြစ်နေ့က ယူဆောင်လာခဲ့ခြင်းဖြစ်ကြောင်း၊ အခင်းဖြစ်ပစ္စည်းများသည် လက်ဝတ်လက်စားအထည်အဖြစ် ပြုလုပ်ထားသော လက်ကောက်များသာဖြစ်ပြီး ပြည်ပသို့ ထုတ်ယူရောင်းချရန်နှင့် ဥပဒေနှင့်မညီသော လုပ်ရပ်များလုပ်ကိုင်ရန် ရည်ရွယ်ချက်လုံးဝမရှိပါကြောင်း၊နေအိမ်တွင်ချန်ထားရန်စိတ်မချ၍မိမိနှင့်တစ်ပါတည်း ယူဆောင်ခဲ့ခြင်းသာဖြစ်ပါကြောင်း တင်ပြလျှောက်ထားသည်။

ဆက်လက်၍ လျှောက်ထားသူက မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ၃၀-၉-၂၀၁၄ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၇/၂၀၁၄ ပါ ခွင့်ပြုချက်အရ ၂၀၁၄ ခုနှစ် ရွှေပေါက်ဈေး (တစ်ကျပ်သားလျှင် ၆၈၀,၀၀၀ ကျပ်နှုန်း) ဖြင့် ကျပ်သိန်း ၁၀၀ သည် ရွှေ ၁၄.၇ ကျပ်သား ရရှိပါကြောင်း၊ ယင်းရွှေ ၁၄.၇ ကျပ်သားကို ယခုအစိုးရသတ်မှတ်သည့် ကာလပေါက်ဈေး ကျပ်သိန်း ၆၀ နှင့် မြှောက်ပါက ကျပ် ၈၈၂ သိန်းရရှိပါကြောင်း၊ ယင်းပမာဏသည် ခွင့်ပြုနိုင်သည့်ပမာဏဖြစ်ပါကြောင်း၊ အကောက်ခွန်ဦးစီးဌာနက သိမ်းဆည်းမိန့်တွင် ဖော်ပြထားသောကောက်ယူသုံးသပ်ချက်မှာ ရွှေလုပ်ငန်းရှင်များက ရွှေကို ပြည်ပသို့ တင်ပို့ရာ၌ လိုက်နာရမည့်စည်းကမ်းချက်များသာဖြစ်ပြီး အိမ်၌လူမရှိ၍ ထားရစ်ခဲ့ရန် စိတ်မချသောကြောင့် မိမိပိုင် ရွှေလက်ကောက် (၆) ကွင်းကို တစ်ပါတည်း ယူဆောင်လာခဲ့ခြင်းဖြစ်၍ ယင်းစည်းကမ်းချက်များနှင့် သက်ဆိုင်မှု မရှိဟု သဘောရိုးဖြင့် ယူဆပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၅၆ တွင် နိုင်ငံတော်သည် နိုင်ငံသားများ၏ တရားဝင်ရရှိပိုင်ဆိုင်ထားသော ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့မပြောင်းနိုင်သောပစ္စည်းများနှင့်စပ်လျဉ်း၍ ဥပဒေအရ ကာကွယ်ပေးရမည်ဟု ပြဋ္ဌာန်းထားပါကြောင်း၊ အခင်းဖြစ်ပစ္စည်းများမှာ ပြည်ပသို့ တင်ပို့နိုင်လောက်သော အလေးချိန် ပမာဏရှိသည့်ပစ္စည်းများ မဟုတ်သည်မှာ မြင်သာပါကြောင်း၊ သို့ဖြစ်ပါ၍ အကောက်ခွန်ဦးစီးဌာန၏ ပြည်သူ့ဘဏ္ဍာအဖြစ်

သိမ်းဆည်းသည့်အမိန့်ကို ပယ်ဖျက်ပြီး ရွှေထည်ပစ္စည်းအားလုံး သို့မဟုတ် ခွင့်ပြုထားသည့် တန်ဖိုးအတိုင်း ရွှေထည်ပစ္စည်းများကို ပိုင်ရှင်သို့ ပြန်လည်ပေးအပ်သည့် အမိန့်တစ်ရပ် ချမှတ်ပေးပါရန် တင်ပြလျှောက်ထားသည်။

လျှောက်ထားခံရသူ ဌာနဆိုင်ရာကိုယ်စားလှယ်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပြည်ပသို့ တရားမဝင် ယူဆောင်သွားရန် လျှောက်ထားသူ၏ Baggage အတွင်း ထည့်သွင်းယူဆောင်လာသော ရွှေ လက်ကောက် (၆) ကွင်း (အလေးချိန် ၆၁.၀၂၃၇ ကျပ်သား) သည် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေ၊ စည်းမျဉ်းနှင့် ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် ၇/၂၀၁၈ အရ ရွှေဈေးကွက်စောင့်ကြည့်အကဲဖြတ်ထိန်းညှိရေးကော်မတီ၏ သတ်မှတ်စံချိန်စံညွှန်းကိုက်ညီကြောင်း ထောက်ခံချက်တို့ဖြင့် ပို့ကုန်လိုင်စင် ခွင့်ပြုချက်လျှောက်ထားရရှိပြီးမှသာ တင်ပို့ခွင့်ရှိသည့် ကန့်သတ်ကုန်ပစ္စည်းများဖြစ်ကြောင်း၊ အဆိုပါပစ္စည်းများအား တရားဝင်တင်ပို့ခွင့်အထောက်အထား ၊ စာရွက်စာတမ်းများ တင်ပြနိုင်ခြင်းမရှိဘဲ မြန်မာနိုင်ငံတော်ပြင်ပသို့ တရားမဝင်တင်ပို့ခြင်းဖြစ်သဖြင့် ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၉ အရ တားမြစ်ထားသည့်အချက်များအား ဖောက်ဖျက်ကျူးလွန်ခြင်းဖြစ်သောကြောင့် ယင်းအက်ဥပဒေပုဒ်မ ၁၆၇(၈) အရ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခဲ့ခြင်းဖြစ်ပါကြောင်း၊ ပြည်ပသို့ လက်ဝတ်ရတနာများ ယူဆောင်ခြင်းနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ၃၀-၉-၂၀၁၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၇/၂၀၁၄ တွင် "ပြည်တွင်း၌ နေထိုင်သူသည် လုပ်ငန်းဖြင့်လည်းကောင်း၊ တာဝန်ဖြင့်လည်းကောင်း၊ အခြားကိစ္စရပ်ဖြင့်လည်းကောင်း ကာလတို/ကာလရှည် ခရီးသွားလာသည့်အခါ တန်ဖိုးပမာဏအားဖြင့် ကျပ်တစ်ဆယ်သန်းထက်မပိုသည့် တစ်ဆင်စာဝတ်ဆင်ထားသော လက်ဝတ်ရတနာများကို ပြည်ပမှ ရောက်ရှိလာသည့်အခါတွင် တစ်ပါတည်း ပြန်လည်ယူဆောင်လာမည်ဖြစ်ကြောင်း၊ အကောက်ခွန်ဦးစီးဌာနတွင် ဝန်ခံကတိထားရှိပြီး မြန်မာနိုင်ငံမှ ပြည်ပသို့ ယူဆောင်နိုင်သည်"ဟု ပြဋ္ဌာန်းထားပါကြောင်း တင်ပြသည်။

ဆက်လက်၍ ရွှေ၊ နိုင်ငံခြားသုံးငွေ၊ လက်ဝတ်ရတနာများ ပြည်တွင်းပြည်ပသို့ ယူဆောင်ခြင်းနှင့်စပ်လျဉ်း၍ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှု ဥပဒေပုဒ်မ ၂၃ တွင် "ပြည်တွင်း၌ နေထိုင်သူနှင့် ပြည်ပ၌ နေထိုင်သူများသည် ရွှေ၊ နိုင်ငံခြားသုံးငွေ၊ လက်ဝတ်ရတနာကို ပြည်တွင်းမှ ပြည်ပသို့ ယူဆောင်သွားခြင်း၊ ပြည်ပမှ ပြည်တွင်းသို့ ယူဆောင်လာခြင်းတို့နှင့်စပ်လျဉ်း၍ ဗဟိုဘဏ်က အခါအားလျော်စွာ ထုတ်ပြန်သည့် သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်"ဟုလည်းကောင်း၊ ယင်းဥပဒေပုဒ်မ ၃၈- ကတွင် "မည်သူမျှ ရွှေ၊ နိုင်ငံခြားသုံးငွေ၊ လက်ဝတ်ရတနာကို သတ်မှတ်ချက်များနှင့်အညီမဟုတ်ဘဲ နိုင်ငံတော်အတွင်းသို့ ယူဆောင်လာခြင်း သို့မဟုတ် ပြည်ပသို့ယူဆောင်သွားခြင်းမပြုရ"ဟု လည်းကောင်းပြဋ္ဌာန်းထား ပါကြောင်း၊ အခင်းဖြစ် ရွှေလက်ကောက် (၆) ကွင်း၊ အလေးချိန် ၆၁.၀၂၃၇ ကျပ်သားကို စုစုပေါင်းတန်ဖိုး ၂၄၆,၇၆၃,၇၀၈.၈၄/- (နှစ်ထောင့်လေးရာခြောက်ဆယ့်ခုနစ်သိန်းကိုးသောင်းသုံးထောင်ခုနစ်ရာ့ရှစ်ကျပ်နှင့် ရှစ်ဆယ့်လေးပြား) ဖြစ်ကြောင်း သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ အမှတ်(၂)သတ္တုတွင်းလုပ်ငန်းမှ တန်ဖိုးသတ်မှတ်ပေးခဲ့ပါကြောင်း တင်ပြသည်။

ဆက်လက်တင်ပြရာတွင် လျှောက်ထားသူ၏ တင်ပြချက်အရ ခင်ပွန်းဖြစ်သူ၏ ညီဖြစ်သူ ဦးဝင်းအောင်အမည်ဖြင့် ရွှေပန်းထိမ်လုပ်ငန်းလုပ်ကိုင်နေသည်ဆိုသောအချက်၊ မိသားစုပိုင် ရွှေပန်းထိမ်လုပ်ငန်း လုပ်ကိုင်နေသည်ဆိုသောအချက်၊ ကျန်ရှိသူများသည် ရွှေပန်းထိမ်လုပ်ငန်း လုပ်ကိုင်သော နေအိမ်၌ နေထိုင်ကြသည်ဆိုသောအချက်နှင့် အိမ်တွင် မည်သူမျှ ကျန်ရစ်ခဲ့ခြင်းမရှိသဖြင့် အဆိုပါ ရွှေလက်ကောက်များကို ပြည်ပသို့ သယ်ဆောင်ရန်ဖြစ်သည်ဆိုသောအချက်တို့မှာ ကျိုးကြောင်း ညီညွတ်မှု မရှိသည့်အပြင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က သတ်မှတ်ထားသော ပမာဏထက်များစွာ သယ်ဆောင်လာခြင်းသည် ထုတ်ပြန်ထားသော အမိန့်၊ ညွှန်ကြားချက်၊ စည်းမျဉ်းများကိုကျော်လွန်၍ ပြည်ပသို့ တရားမဝင် သယ်ဆောင်ခဲ့ခြင်းဖြစ်ပါကြောင်း၊ တရားရုံးက ခံဝန်ချုပ်ဖြင့် ပြန်ပေးသည့် ရွှေထည်ပစ္စည်းများသည် ဦးဝင်းအောင်ထံသို့သာ ထုတ်ပေးထားခြင်း၊ အမှုမပြီးဆုံးမီ ကာလအတွင်း လွှဲပြောင်းခြင်း၊ ရောင်းချမှုမပြုလုပ်ရခြင်း၊

ခံဝန်ချုပ်ပါပစ္စည်းအရေအတွက်များအတိုင်းသာ ထားရှိရမည်ဖြစ်ခြင်း၊ တရားရုံးက အပြီးသတ်အမိန့်ချမှတ်ခဲ့ခြင်းမှာ ၉-၉-၂၀၂၄ ရက်နေ့ဖြစ်ပြီး ယခုအမှုမှာ ၂၆-၇-၂၀၂၄ ရက်နေ့တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သောကြောင့် ခံဝန်ချုပ်ပါအချက်များအား ချိုးဖောက်ထားခြင်းဖြစ်သည့်အပြင် သက်သေခံပစ္စည်းများအား စီမံခန့်ခွဲမှုရှိသူမှာ ဦးဝင်းအောင်သာဖြစ်ကြောင်း၊ လျှောက်ထားသူသည် သက်သေခံပစ္စည်းများအား အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများကိုကျော်လွန်၍ ဆောင်ရွက်နေခြင်းသာဖြစ်ကြောင်း တင်ပြသည်။

ဆက်လက်၍ ရွှေထည်ပစ္စည်း လက်ဝတ်ရတနာများအား အခင်းဖြစ်ရွှေလက်ကောက်(၆)ကွင်းဖြင့် အရည်ကျိုချက်ပြီး လက်ကောက်ကွင်းအဖြစ် ပြုလုပ်သည့် သက်သေအထောက်အထားတစ်စုံတစ်ရာမရှိသည့်အပြင် ယင်းလက်ကောက်များကို ကိုယ်၌ ဝတ်ဆင်ထားခြင်းမရှိဘဲ Baggage အတွင်း သိုဝှက်ယူဆောင်လာခြင်းဖြစ်ပြီး ယင်းပစ္စည်းများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာသို့ သတင်းပို့ခြင်း၊ ကြေညာခြင်း ပြုလုပ်မှုမရှိခြင်းသည် ပြည်ပသို့ တရားမဝင်သယ်ဆောင်လာခြင်းဖြစ်သည်မှာ မြင်သာပါကြောင်း၊ အကောက်ခွန်ဦးစီးဌာနမှ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ အခင်းဖြစ်ကိစ္စနှင့်စပ်လျဉ်း၍ သဘောထား မှတ်ချက်တောင်းခံခဲ့ရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုစည်းမျဉ်း အပိုဒ် ၆၆ ကို ရည်ညွှန်းလျက် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေပုဒ်မ ၄၂ နှင့်အညီ တရားစွဲဆိုနိုင်ပါသဖြင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် လုပ်ထုံးလုပ်နည်းများအတိုင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ တရားစွဲဆို ခွင့်ပြုမိန့် တောင်းခံနိုင်ပါကြောင်း ပြန်ကြားခဲ့သဖြင့် သက်ဆိုင်ရာတရားရုံး၌ တရားစွဲဆိုနိုင်ရေးအတွက် မင်္ဂလာဒုံမြို့မ ရဲစခန်းသို့ သဘောထားမှတ်ချက် တောင်းခံဆောင်ရွက်လျက်ရှိပါကြောင်း၊ လျှောက်ထားသူသည် ရွှေပန်းထိမ်လုပ်ငန်း လုပ်ကိုင်နေသူဖြစ်ခြင်း၊ နိုင်ငံခြားတွင် ဆေးကုသမှုခံယူနေသူ တစ်ဦးဖြစ်ခြင်း တို့ကြောင့် ပြည်ပသို့သွားရောက်မည့်သူ တစ်ဦးအနေဖြင့် လိုက်နာရမည့်လုပ်ထုံးလုပ်နည်းများ၊ တားမြစ်ချက်များကို ပိုမိုသိရှိနိုင်ပြီး မိမိပိုင်ပစ္စည်းများအား ပိုမိုလုံခြုံမှုရှိစေနိုင်ရန် ဘဏ် သို့မဟုတ် အာမခံလုပ်ငန်းတစ်ခုခုနှင့် ရွှေပန်းထိမ်ဆိုင်တွင် ကျန်ရှိနေသော မိသားစုဝင်များထံသို့ ထိန်းသိမ်းအပ်နှံမှုမရှိဘဲ ပြည်ပသို့ တရားမဝင် သိုဝှက်သယ်ဆောင်သွားခြင်းဖြစ်ပါကြောင်း၊ ဥပဒေအရပြဋ္ဌာန်းထားသည့် စည်းကမ်းသတ်မှတ်ချက်များအား ဖောက်ဖျက်ကျူးလွန်ခြင်းကြောင့် ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၆၇ (၈) အရ အခင်းဖြစ် ရွှေလက်ကောက်များ သိမ်းဆည်းအရေးယူခဲ့ခြင်းသည် တည်ဆဲဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ မှန်ကန်စွာ ဆောင်ရွက်ထားခြင်းဖြစ်သဖြင့် အယူခံလွှာကို ပလပ်ပေးပါရန် ချေပလျှောက်ထားသည်။

အခွန်အယူခံခုံအဖွဲ့က လျှောက်ထားသူ ဒေါ်သူဇာဝင်းက ရွှေလက်ကောက် (၆)ကွင်း သယ်ဆောင် ခြင်းနှင့်စပ်လျဉ်း၍ တရားစွဲဆိုထားခြင်းရှိ မရှိကို အသေးစိတ်သိရှိလိုကြောင်း လျှောက်ထားခံရသူ အကောက်ခွန်ဦးစီးဌာန ၊ ကိုယ်စားလှယ်အား မေးမြန်းရာ ဌာနဆိုင်ရာကိုယ်စားလှယ်က စာဖြင့် ဖြေကြားမည်ဖြစ်ပါကြောင်း တင်ပြခဲ့ပြီး ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာန၏ ၂၅-၂-၂၀၂၆ ရက်စွဲပါစာအမှတ် ၊ အကခ/ဥပဒေ/၁၂ (၀၁၁/၂၀၂၆) ဖြင့် မင်္ဂလာဒုံမြို့မရဲစခန်းမှ အမှုဖွင့်တရားစွဲဆို ထားခြင်းမရှိကြောင်း၊ အကောက်ခွန်ဦးစီးဌာနက လျှောက်ထားသူအား တရားစွဲဆိုမည်ဆိုပါက မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ခွင့်ပြုမိန့်တောင်းခံပြီးမှသာ စွဲဆိုရမည်ဖြစ်ပါကြောင်း၊ ပြန်လည်တင်ပြသည်။ ထို့နောက် အခင်းဖြစ်လက်ဝတ်ရတနာများကို တရားရုံးက အမှုမပြီးပြတ်မီ ခံဝန်ချုပ်ဖြင့် ပြန်လည်ပေးအပ်သည့် ကာလအတွင်း အပြည်ပြည်ဆိုင်ရာလေဆိပ်၌ သိမ်းဆည်းခဲ့ခြင်း ဟုတ် မဟုတ် လျှောက်ထားသူ၏ အကျိုးဆောင်ရှေ့နေအား ခုံအဖွဲ့က မေးမြန်းရာ အကျိုးဆောင်ရှေ့နေက ခံဝန်နှင့် ပေးထားသောကာလ ဖြစ်မည်ဟု ထင်မြင်ကြောင်း ဖြေကြားသည်။

အမှုတွဲပါ ပေါ်ပေါက်ချက်များအရ လျှောက်ထားသူသည် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့သို့သွားရန် ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိစဉ် Baggage အတွင်း ထည့်သွင်း သယ်ဆောင်လာသည့် ရွှေလက်ကောက် (၆) ကွင်း (အလေးချိန် ၆၁.၀၂၃၇ ကျပ်သား စုစုပေါင်း တန်ဖိုး ၂၄၆,၇၉၃,၇၀၈.၈၄/- ကျပ်) ကို သိမ်းဆည်းရမိခဲ့ကြောင်း ပေါ်ပေါက်သဖြင့် လျှောက်ထားသူသည် အခင်းဖြစ် လက်ဝတ်ရတနာများအား ပြည်ပသို့ ယူဆောင်သွားရန် သယ်ယူလာခြင်းဖြစ်ကြောင်းနှင့် ခွင့်ပြုချက်တစ်စုံတစ်ရာကို တင်ပြနိုင်ခဲ့ခြင်းမရှိကြောင်း သုံးသပ်တွေ့ရှိရသည်။

ပြည်ပသို့ လက်ဝတ်ရတနာများ ယူဆောင်သွားခြင်းနှင့်စပ်လျဉ်း၍ လျှောက်ထားသူက မိမိ၏ မတ်တော်စပ်သူ ဦးဝင်းအောင်အမည်ဖြင့် လုပ်ငန်းလိုင်စင်ရယူထားသော လင်းလက်ဝါ ရွှေပန်းထိမ်ဆိုင်မှ ရွှေထည်များကို ဓားပြတိုက်လုယူခံခဲ့ရကြောင်း၊ တရားခံများအား ဖမ်းဆီးရမိပြီး ၎င်းတို့ထံမှ သိမ်းဆည်းရမိခဲ့သည့် ရွှေထည်ပစ္စည်းများကို တရားရုံးက ဦးဝင်းအောင်ထံ ခံဝန်ချုပ်ဖြင့် ပြန်ပေးထားခြင်းဖြစ်ကြောင်း၊ ယင်းသို့ခံဝန်ချုပ်ဖြင့် ပေးအပ်ထားသည့် ရွှေထည်များအနက် ခင်ပွန်းဖြစ်သူ ရထိုက်သည့် ဝေစုကို ရွှေလက်ကောက်အဖြစ် အကြမ်းထည်ပြုလုပ်ထားခြင်းဖြစ်ကြောင်း၊ ယင်းရွှေလက်ကောက်များကို ပြည်ပသို့ ခိုးထုတ်ရောင်းချရန် ရည်ရွယ်ချက်မရှိဘဲ ထိုင်းနိုင်ငံသို့ ဆေးကုသမှုခံယူရန် သွားရောက်ချိန်တွင် နေအိမ်၌ မည်သူမျှ မကျန်ရှိသဖြင့် စိတ်မချသောကြောင့် မိမိနှင့်တစ်ပါတည်း ယူဆောင်လာခဲ့ခြင်းဖြစ်ကြောင်း တင်ပြလျှောက်လဲခဲ့သည်။

လျှောက်ထားခံရသူ ဌာနဆိုင်ရာကိုယ်စားလှယ်က ပြည်ပသို့လက်ဝတ်ရတနာများ ယူဆောင်ခဲ့ခြင်း နှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ၃၀-၉-၂၀၁၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၇/၂၀၁၄ နှင့် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှု ဥပဒေ ပုဒ်မ ၂၃ နှင့် ပုဒ်မ ၃၈ - က တို့ကို ရည်ညွှန်း တင်ပြလျက် လျှောက်ထားသူသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က သတ်မှတ်ထားသော ပမာဏထက်များစွာ ပိုမိုသယ်ဆောင်လာခြင်း၊ Baggage အတွင်း သိုဝှက်သယ်ဆောင်လာခဲ့ခြင်းတို့သည် ပြည်ပသို့ တရားမဝင် သယ်ဆောင်လာခြင်းပင်ဖြစ်ကြောင်း၊ သက်သေခံလက်ကောက်များ၏ တန်ဖိုးကို သယံဇာတနှင့်သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ အမှတ် (၂) သတ္တုတွင်းလုပ်ငန်းမှ ဥပဒေနှင့်အညီ တန်ဖိုးသတ်မှတ်ပေးထားခြင်း ဖြစ်ကြောင်း ချေပလျှောက်လဲခဲ့သည်။

ပြည်ပသို့ လက်ဝတ်ရတနာများ ယူဆောင်သွားခြင်းနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ၃၀-၉-၂၀၁၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၇/၂၀၁၄ ဖြင့်ထုတ်ပြန်ထားသည့် **နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှု စည်းမျဉ်း၊** စည်းမျဉ်း ၆၆ တွင် အောက်ပါအတိုင်း ဖော်ပြထားသည် -

၆၆။ ပြည်တွင်း၌နေထိုင်သူသည် လုပ်ငန်းဖြင့်လည်းကောင်း၊ တာဝန်ဖြင့်လည်းကောင်း၊ အခြားကိစ္စရပ်များဖြင့် လည်းကောင်း၊ ကာလတို/ကာလရှည် ခရီးသွားလာသည့်အခါ တန်ဖိုးပမာဏ အားဖြင့် ကျပ်တစ်ဆယ်သိန်း ထက် မပိုသည့် တစ်ဆင်စာ ဝတ်ဆင်ထားသော လက်ဝတ်ရတနာများကို ပြည်ပမှ ရောက်ရှိလာသည့် အခါတွင် တစ်ပါတည်း ပြန်လည်ယူဆောင်လာ မည်ဖြစ်ကြောင်း အကောက်ခွန်ဦးစီးဌာနတွင် ဝန်ခံကတိ ထားရှိပြီး မြန်မာနိုင်ငံမှ ပြည်ပသို့ ယူဆောင်နိုင်သည်။

သို့ဖြစ်၍ ပြည်တွင်းမှ ခရီးသွားလာသူတစ်ဦးသည် ကျပ်တစ်ဆယ်သိန်းထက်မပိုသော တစ်ဆင်စာ လက်ဝတ်ရတနာများကို ပြည်ပသို့ ယူဆောင်ခွင့်ရှိသည်ဆိုခြင်းမှာ မိမိအလိုအလျောက် ယူဆောင်ခွင့်ရှိသည့် ပမာဏကို သတ်မှတ်ခွင့်ပြုထားခြင်းမဟုတ်ဘဲ အကောက်ခွန်ဦးစီးဌာနတွင် ဝန်ခံကတိထားပြီးမှ ခွင့်ပြုချက်ဖြင့် ယူဆောင်ရမည့် ပမာဏကိုစည်းမျဉ်း သတ်မှတ်ပေးထားခြင်းဖြစ်သည်မှာ ထင်ရှားပေသည်။

